# မ ရမ်း ကုန်း မြို့ နယ် တ ရား ရုံး

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် ၆၃

ဦးမြင့်စိုး(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးပြုံးချို) — တရားလို

နှင့်

၁။ ဦးသက်စန်းနိုင် — တရားပြိုင်များ

၂။ ဦးဝင်းမော်

တရားလိုအတွက် ။ ဦးသိန်းလွင်(တရားလွှတ်တော်ရှေ့နေ)

(၁)တရားပြိုင်အတွက်။ ကိုယ်တိုင်

(၂)တရားပြိုင်အတွက်။ မလာ

**မော်တော်ယာဉ်ငှားရမ်းခကျန်ငွေ ၁,၂၁၁,၀၀၀/၊ ကားပြင်ဆင်စရိတ် ၅၅,၀၀၀/နှင့် ဝိုးတက်နှင့် လုပ်ငန်းလိုင်စင်ဆောင်ရွက်ခ ၁၉၅,၀၀၀/ စုစုပေါင်းငွေကျပ် ၁,၄၆၁,၀၀၀/ ရလိုမှု**

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊အောက်တိုဘာလ ၄ ရက်။

အမှုမှာ မရမ်းကုန်းမြို့နယ်နေ ဦးမြင့်စိုး(၎င်း၏ ခွင့်ရကိုယ်စားလှယ်စာရရှိသူ ဦးပြုံးချို) က မော်တော်ယာဉ်ငှားရမ်းခ ကြွေးကျန်ငွေ ကျပ် ၁,၂၁၁,၀၀၀/ကျပ်၊ ကားပြင်ဆင်စရိတ် ၅၅,၀၀၀/ နှင့် ဝိုးတက် နှင့် လုပ်ငန်းလိုင်စင် ဆောင်ရွက်ခ ၁၉၅,၀၀၀/ကျပ်၊ စုစုပေါင်း ငွေကျပ် ၁,၄၆၁,၀၀၀/ ရလိုမှု ဖြင့် တရားပြိုင် ဦးသက်စန်းနိုင်နှင့် ဦးဝင်းမော်တို့အပေါ်စွဲဆိုသော အမှု ဖြစ်သည်။

တရားလို၏ အဆိုလွှာတွင် မရမ်းကုန်းမြို့နယ် အမှတ် ၅ ရပ်ကွက် ၊ ရွှေနှင်းဆီလမ်း၊ အမှတ် (၉၅၂/၉၅၃) တွင် နေထိုင်ကာ အာရှမော်တော်ဝပ်(စ်) ယာဉ်ပြင်ဆင်ရေးနှင့် ခရီးသွားပို့ဆောင်ရေးလုပ်ငန်းကို တည်ထောင်၍ မော်တော်ယာဉ်များကို ငှားရမ်းလုပ်ကိုင်ကြောင်း၊ (၁၃.၃.၂၀၁၈) ရက်နေ့တွင် တရားပြိုင်များသည် တရားလို၏ လုပ်ငန်းမှ မော်တော်ယာဉ်အမှတ် 1J -6367 , Hona Fit (အဖြူရောင်) အား စပေါ်ငွေ ၃၀၀,၀၀၀/(သုံးသိန်းတိတိ)နှင့် ကားလစာတစ်လလျှင် ၃၃၀,၀၀၀/(သုံးသိန်းသုံးသောင်းကျပ်တိတိ)ဖြင့် ငှားရမ်းကြောင်း၊ ကားငှားစဉ်က စပေါ်ငွေ ၃၀၀,၀၀၀/ သုံးသိန်းတိတိသာပေးသွင်းခဲ့ပြီး ကားလစာကို ပေးသွင်းခြင်းမရှိကြောင်း၊ မော်တော်ယာဉ်ငှားရမ်းစဉ်က (၁) တရားပြိုင် ဦးသက်စန်းနိုင်မှာ မော်တော်ကားငှားရမ်းသူအဖြစ်လက်မှတ်ထိုးကာ (၂) တရားပြိုင် ဦးဝင်းမော်မှာ တာဝန်ယူအာမခံသူအဖြစ် လက်မှတ်ထိုးခဲ့ကြောင်း၊ မော်တော်ယာဉ်ငှားရမ်းပြီး တစ်လအကြာ (၁.၄.၂၀၁၈) ရက်နေ့တွင် ငှားရမ်းခ ငွေကျပ် ၃၃၀,၀၀၀ /(သုံးသိန်း သုံးသောင်း)အစား ငွေကျပ် ၁၅၀,၀၀၀/

(ကျပ်တစ်သိန်းငါးသောင်းတိတိ) သာလာရောက်ပေးသွင်းပြီး နောက်ပိုင်း လာရောက် ပေးသွင်းခြင်းမရှိတော့ကြောင်း၊ (၁၄.၅.၂၀၁၈) ရက်နေ့တွင် တရားလို၏ လုပ်ငန်းဌာနသို့ (၂)တရားပြိုင် ဦးဝင်းမော် ရောက်ရှိလာပြီး ငှားသွားသည့်ကားအားထားခဲ့ကြောင်း၊ ရုံးခန်းထဲသို့ ဝင်မလာ သဖြင့် ကားအားသွားကြည့်ရာ ကားနှင့်ပတ်သတ်သည့် လုပ်ငန်းလိုင်စင် ဗီးတက်ကို မတွေ့ရှိရကြောင်း၊ ၎င်းအား ဖုန်းဆက်သွယ်မေးမြန်းသည့်အခါ လာပေးမည်ဟုပြောသော်လည်း လာရောက် ပေးသွင်းခြင်း မရှိကြောင်း၊ ထိုကဲ့သို့လာရောက်မပေးသည့်အတွက် ကုန်းလမ်း ပို့ဆောင် ရေးနှင့် ညွှန်ကြားမှုဦးစီးဌာနတွင် ဗီးတက်နှင့် လုပ်ငန်းလိုင်စင်အား ပြန်လည်လျှောက်ထားခဲ့ရပြီး ငွေကျပ် ၁၉,၅၀၀၀ိ/ (တစ်သိန်းကိုးသောင်းငါးထောင်ကျပ်တိတိ) ကုန်ကျခဲ့ကြောင်း၊ ကားကို စစ်ဆေး သည့် အခါတွင် ကားဂီယာပျက်နေ၍ ကားဂီယာပြင်ဆင်ရပြီး ရေတိုင်ကီအောက်ဖုံးလည်း ပျက်စီးနေသည့်အတွက် ကားဂီယာနှင့် ရေတိုင်ကီ အောက်ဖုံးပြုပြင်ရသည့်မှာ ငွေကျပ် ၅၅,၀၀၀ိ/ (ကျပ်ငါးသောင်းငါးထောင်)ကုန်ကျခဲ့ကြောင်း၊ တရားပြိုင်များသည် တရားလို၏ လုပ်ငန်းဌာနသို့ ကားလာရောက်မအပ်ခင်က မော်တော်ယာဉ်လစာ ပေးရန်ကျန်ငွေမှာ ၇၇၀,၀၀၀ိ/ကျပ် (ခုနစ်သိန်းခုနစ်သောင်း)ဖြစ်ကြောင်း ၊ ဗီးတက်နှင့် လုပ်ငန်းလိုင်စင် ပြုလုပ်ဆောင်ရွက်၍ မရသေးသဖြင့် မော်တော်ယာဉ်ကို ရပ်နား ထားရသည့် (၂)လ နှင့် (၂၁) ရက်အတွက် တရားပြိုင်များမှ တရားလိုလုပ်ငန်းသို့ ပေးရမည် မော်တော်ယာဉ်လစာ ပေးရမည့် ငွေမှာ ၈၉၁,၀၀၀ိ/(ကျပ်ရှစ်သိန်းကိုးသောင်း တစ်ထောင်တိတိ) ဖြစ်ကြောင်း ၊ တရားလို၏ လုပ်ငန်းသို့ မော်တော်ယာဉ်အတွက် ပေးသွင်းထားသည့်ငွေမှာ ၄၅၀,၀၀၀ိ/ (ကျပ်လေးသိန်း ငါးသောင်းကျပ် တိတိ)ဖြစ်ကြောင်း၊ တရားလို လုပ်ငန်းသို့ ပေးသွင်း ရမည့်ငွေ ၁,၆၆၀,၀၀၀ိ/ (တစ်ဆယ့်ခြောက်သိန်း ခြောက်သောင်းကျပ်) ထဲမှ ပေးသွင်း ငွေ ၄၅၀,၀၀၀ိ/ (ကျပ်လေးသိန်း ငါးသောင်းကျပ် တိတိ) ကိုနုတ်ပါက ကားလစာ ပေးသွင်းရမည့် ကြွေးကျန်ငွေမှာ ၁,၂၁၁,၀၀၀ိ/ (ကျပ်တစ်ဆယ့်နှစ်သိန်းတစ်သောင်းတစ်ထောင်ကျပ်) ဖြစ် ကြောင်း၊ တရားလို၏လုပ်ငန်းဌာနသို့ တရားပြိုင်များမှ ပေးသွင်းငွေများကို လာရောက်ပေးသွင်း ရန် တယ်လီဖုန်းဖြင့် ဆက်သွယ် တောင်းခံခဲ့သော်လည်းလာရောက် ပေးသွင်းခြင်းမရှိကြောင်း၊ ထို့ကဲ့သို့လာရောက်ပေးသွင်းခြင်း မရှိသည့်အတွက် တရားပြိုင်များထံ အကြောင်းကြားစာပေးပို့ ခဲ့ကြောင်း၊ မော်တော်ယာဉ် ငှားရမ်းခြင်း ကတိစာချုပ်နှင့် မော်တော်ယာဉ် ငှားရမ်းသူများ လိုက်နာရမည့် စည်းကမ်းချက်များ အရ တရားလို၏လုပ်ငန်းသို့ မော်တော်ယာဉ်ကြွေးကျန်ငွေပေးသွင်းရန် မော်တော်ယာဉ်ငှားရမ်းသူ နှင့် အတူ တာဝန်ယူအာမခံသူတွင်လည်း ပူးတွဲတာဝန်ရှိကြောင်း ဖော်ပြထား၍ အာရှဝပ်(စ်) ယာဉ်ပြင်ဆင်ရေးနှင့် ခရီးသွားပို့ဆောင်ရေး လုပ်ငန်းသို့ မော်တော်ယာဉ်ငှားရန်းခကြွေးကျန်ငွေ ဗီးတက်နှင့် လုပ်ငန်းလိုင်စင် ဆောင်ရွက်ခ ငွေနှင့် ကားပြင်ဆင်စရိတ်များကို ပေးသွင်းရန် (၁)တရားပြိုင်နှင့်အတူ (၂)တရားပြိုင်တွင်လည်း တာဝန်ရှိသည့်အတွက် အနိုင်ဒီကရီ ရထိုက် ကြောင်းဖြင့် အဆိုပြုဖော်ပြသည်။

၄/၁၀/၂၀၁၈

(ဝင်းမာထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၄)
မရမ်းကုန်းမြို့နယ်တရားရုံး

(၁) တရားပြိုင် ဦးသက်စန်းနိုင်၏ ချေပလွှာတွင် အဆိုလွှာတွင်ပါ အပိုဒ် (၉) (၁) (၂) (၃) အပိုဒ်များမှန်ကန်ပြီး ထပ်မံရှင်းလင်းတင်ပြလိုသည်မှာ မော်တော်ယာဉ်ငှားရမ်းသူနေရာတွင် လက်မှတ်ရေးထိုးပေး ခဲ့သည်မှာ မှန်ကန်သော်လည်း အဆိုပါကားအား (၂)တရားပြိုင် ဦးဝင်းမော်

[illegible] မှ ငှားရမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်း၏ လိုင်စင်သည် အမဲရောင်ဖြစ်နေသည့်အတွက် ဆွဲချင်၍ ၎င်းကိုယ်စားငှားရမ်းပေးပါဟုဆို၍ ငှားရမ်းပေးခြင်းဖြစ်ကြောင်း၊ ကားငှားရမ်း ပြီးနောက် အဆိုပါကားအား (၂)တရားပြိုင်မောင်းနှင်ပြီး ကားလစာများကို ၎င်းကိုယ်တိုင်သွားပေးခြင်း ဖြစ်ကြောင်း၊ ကားငှားရမ်းခြင်းကိစ္စနှင့်ပတ်သတ်၍ တာဝန်မရှိကြောင်း ၊ (၂) တရားပြိုင်နှင့်သာ သက်ဆိုင်၍ (၂) တရားပြိုင်တွင်သာ တာဝန်ရှိကြောင်း၊ အဆိုလွှာအပိုဒ် (၄) (၅) (၆) (၇)(၈) (၁၀)(၁၁) အပိုဒ်များနှင့်ပတ်သတ်၍ဘာမှ မသိဘဲ (၂) တရားပြိုင်သာ သိရှိမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ် ငှားရမ်းခြင်းကတိစာချုပ်နှင့် ငှားရမ်းမှုအတွက် သဘောတူလိုက်နာရမည့် စည်းကမ်းချက်များတွင် လိုက်နာရမည်မှာ မှန်ကန်ကြောင်း၊ နို့တစ်စာပေးပို့သည့်အခါ (၂) တရားပြိုင်မှ ၎င်းသွားရှင်းမည် ဖြစ်ကြောင်းပြော၍သိရှိခဲ့ရကြောင်း၊ အချင်းဖြစ် မော်တော်ယာဉ် အား (၂)တရားပြိုင်ကိုယ်စား ငှားရမ်းပေးခြင်းဖြစ်သည့်အတွက် တာဝန်မရှိကြောင်းဖြင့် ချေပထား သည်။

(၂) တရားပြိုင် ဦးဝင်းဇော်၏ ရှေ့နေမှ ချေပလွှာတင်ရန် အဆင့်တွင် ရုံးတော်သို့ လာရောက်ခြင်းမရှိ၊ ၎င်း၏ တရားလွှတ်တော်ရှေ့နေ ဦးစောလင်းကျော်မှ တရားပြိုင် နှင့် အဆက် အသွယ်မရကြောင်း၊ဖုန်းဆက်လျှင်ဖုန်းမကိုင်ကြောင်း တင်ပြ၍ တရားမကိုယ်စား လှယ်စာ အား ရုပ်သိမ်းသွားခဲ့သည်။ ချေပလွှာတင်ရန် ချိန်းဆိုသောနေ့တွင် (၂)တရားပြိုင်မှ ချေလွှာတင်ရန် ပျက်ကွက်သည့်အတွက် ချေလွှာမတင်ပျက်ကွက်ဘိသကဲ့သို့ အမှုအား ဆက်လက် ဆောင်ရွက် ခဲ့သည်။

တရားလိုနှင့်တရားပြိုင်တို့၏ အဆို၊အချေများအား ဖတ်ရှု၍ အောက်ပါငြင်းချက်များထုတ် နှုတ်ခဲ့သည်။

ငြင်းချက်များ

(၁) တရားလိုသည် တရားပြိုင်များထံမှ (၁၃.၃.၂၀၁၈) ရက်စွဲပါ မော်တော်ယာဉ် ငှားရမ်းအပ်နှံခြင်းကတိစာချုပ်နှင့် မော်တော်ယာဉ်ငှားရမ်းမှုအတွက် သဘောတူလိုက်နာရမည့် စည်းကမ်းများအရ မော်တော်ယာဉ် ငှားရမ်းခ ကြွေးကျန်ငွေကျပ် ၁,၂၁၁,၀၀၀ိ/ (တစ်ဆယ့် နှစ်သိန်း တစ်သောင်း တစ်ထောင်ကျပ်) ၊ ကားပြင်ဆင်စရိတ် ၅၅,၀၀၀ိ/ကျပ် (ငါးသောင်း ငါးထောင်ကျပ်) နှင့် ဝီးတက်နှင့် လုပ်ငန်းလိုင်စင် ဆောင်ရွက်ခ ၁၉၅,၀၀၀ိ/ (တစ်သိန်း ကိုးသောင်း ငါးထောင်ကျပ်) စုစုပေါင်းငွေကျပ် ၁,၄၆၁,၀၀၀ိ/ (တစ်ဆယ့်လေးသိန်း ခြောက်သောင်း တစ်ထောင်)အားရထိုက်ခွင့် ရှိသည်မှာ မှန်သလား။

(၂) တရားလိုမည်သည့်သက်သာခွင့် ရထိုက်သနည်း။

၄ / ၁၀ / ၂၀၁၉

(ဝင်းမာထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၄)
မရမ်းကုန်း မြို့နယ်တရားရုံး

ပြင်းချက်(၁)

တရားလို ဦးပြုံးချို အာရှဝပ်(စ်)မော်တော်ယာဉ်ပြင်ဆင်ရေးလုပ်ငန်း နှင့် ခရီးသွားပို့ဆောင်ရေးလုပ်ငန်း၏မန်နေဂျာက ယခုအမှုတရားစွဲဆိုရန် သက်သေခံ(က) အထူးကိုယ်စားလှယ်လွှဲစာ၊ သက်သေခံ(ခ)ကျမ်းကျန်လွှာ ၊ သက်သေခံ(ဂ) တရားမကျင့်ထုံးဥပဒေအမိန့် ၃၊ နည်းဥပဒေ ၃ အရ အခွင့်ရကိုယ်စားလှယ်ဖြင့် အမှုစွဲဆိုခွင့်ပြုရန် လျှောက်ထားလွှာတို့အား ပြုလုပ်ခဲ့ကြောင်း၊ (၁၃.၃.၂၀၁၈) ရက်နေ့တွင် မိမိတို့ လုပ်ငန်းဌာနသို့ ဦးသက်စန်းနိုင် ၊ ဦးဝင်းမော်တို့ရောက်ရှိလာပြီး မော်တော်ယာဉ်ငှားရမ်းခွင့်ပြုပါရန် လျှောက်လွှာ သက်သေခံ(ဃ) ဖြင့်လျှောက်ထားကာ မော်တော်ယာဉ်အမှတ် 1J -6367 , Hona Fit (အဖြူရောင်) အား စပေါ်ငွေ ၃၀၀,၀၀၀/-(သုံးသိန်းတိတိ)နှင့် ကားလစာတစ်လလျှင် ၃၃၀,၀၀၀/- (သုံးသိန်းသုံးသောင်းကျပ်တိတိ) ဖြင့် ငှားရမ်းခဲ့ပြီး မော်တော်ယာဉ်ငှားရမ်းအပ်နှံခြင်း ကတိစာချုပ် သက်သေခံ(င)အား ချုပ်ဆိုခဲ့ကြောင်း၊ မော်တော်ယာဉ်ငှားရမ်းသူများလိုက်နာရမည့် စည်းကမ်းချက်များစာရွက် သက်သေခံ(စ)တို့တွင် မော်တော်ယာဉ် ငှားရမ်းသူနေရာ၌ ဦးသက်စန်းနိုင် ၊ အာမခံသူများအဖြစ် ဦးဝင်းမော်နှင့် ဦးဝင်းနိုင်တို့က လက်မှတ်ရေးထိုးပြီး အသိသက်သေများအဖြစ် ဦးဇော်ဝင်းနှင့် ဒေါ်ဖြူဖြူဇင်တို့က လက်မှတ်ရေးထိုးကြကြောင်း၊(၁၃.၃.၂၀၁၈) မော်တော်ယာဉ်ငှားရမ်းသည့်နေ့က စပေါ်ငွေကျပ် သုံးသိန်းအား ဦးသက်စန်းနိုင်မှ ပေးသွင်းခဲ့ပြီး ငွေရပြေစာအမှတ် ၂၀၅၂ သက်သေခံ (ဆ)ဖြစ်ကြောင်း၊(၁.၄.၂၀၁၈) ရက်နေ့တွင် မော်တော်ယာဉ်ငှားရမ်းခ တစ်သိန်းငါးသောင်းအား ပေးသွင်းသည့် ငွေရပြေစာ သက်သေခံ (ဇ)၊ (၂၄.၅.၂၀၁၈) တွင် (၂)တရားပြိုင် ဦးဝင်းမော်မှ တရားလိုလုပ်ငန်းဌာနသို့ ကားလာထားခဲ့ကြောင်းတို့(၂)တရားပြိုင်မှ ဦးဝင်းမော်မှ ကားလာထားပြီး ရုံးခန်းထဲသို့ ဝင်မလာ၍ ကားအားသွားကြည့်ရာ ကားနှင့်ပတ်သတ်သည့် လုပ်ငန်းလိုင်စင်နှင့် ဗီးတက်ကို မတွေ့ရှိ၍ ၎င်းထံ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းရာ လာပေးမည်ဟုပြောပြီး လာရောက်ပေးခြင်းမရှိကြောင်း၊ လုပ်ငန်းလိုင်စင်နှင့် ဗီးတက်အား ပြန်လျှောက်ရသည့်အတွက် ကုန်ကျငွေ ၁၉၅၀၀၀ ကျပ် စာရင်းအား (သက်သေခံ-ဈ)၊ ကားဂီယာပျက်စီးနေသည့်အတွက် ပြန်ပြင်ရသည့်အတွက် ငွေကျပ် ၂၅၀၀၀ ပြေစာအား သက်သေခံ (ည)၊ ကားရေတိုင်ကီပျက်စီး၍ ပြုပြင်ရသည့်အတွက် ကုန်ကျငွေ ၃၀၀၀၀ကျပ် ငွေလက်ခံဖြတ်ပိုင်း (သက်သေခံ ဋ)၊ မိမိ၏ လုပ်ငန်းသို့ မော်တော်ယာဉ် လာရောက်မအပ် နှံမီ လစာပေးရန် ကျန်ငွေမှာ ၇၇၀၀၀၀/ကျပ်ဖြစ်ကြောင်း၊ လုပ်ငန်းလိုင်စင်မရသေးသဖြင့် ကားနားထားရသည့် ၂ လနှင့် ၂၁ ရက်အတွက် လုပ်ငန်းသို့ ပေးသွင်းမည့်ငွေမှာ ၈၉၀၀၀၀ ဖြစ်ပြီး မော်တော်ယာဉ်လစာ စုစုပေါင်းပေးသွင်းရမည့်ငွေမှာ ၆၆၁၀၀၀ ဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းသို့ ပေးသွင်းငွေ ၄၅၀၀၀၀ ဖြစ်သည့်အတွက် ကြွေးကျန်ငွေမှာ ၁၂,၁၁,၀၀၀ ဖြစ်ကြောင်း၊ထို့ကဲ့သို့ ကုန်ကျစရိတ်များနှင့် ပေးသွင်းရမည့် ငွေစာရင်းမှတ်တမ်း (သက်သေခံ ဌ) ၊ တရားပြိုင်များ ငွေများလာမပေးသဖြင့် (သက်သေခံ ဍ) နို့တစ်စာ ပေးပို့ခဲ့ပြီး တရားပြိုင် ဦးသက်စန်းနိုင် နှင့် ဦးဝင်းမော်တို့မှ လက်ခံရရှိကြောင်း ပြန်ကြားသည့် ပြန်ကြားစာ (သက်သေခံ -ဎ ) နှင့် (ဎ-၁)

၄/၁၀/၂၀၁၉

(ခင်မာထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၄)
မရမ်းကုန်းမြို့နယ်တရားရုံး

တို့ဖြစ်ကြောင်းနှင့် မိမိတို့လုပ်ငန်းသို့ တရားပြိုင်များပေးသွင်းရမည့် ငွေမှာ ၁,၄၆၁,၀၀၀ ဖြစ်ကြောင်းထွက်ဆိုသည်။

ဦးဇော်ဝင်း (လိုပြ-၁) နှင့် မဖြူဖြူဇင်(လိုပြ-၂) တို့မှ တရားလို ဦးမြင့်စိုး(၎င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ ဦးပြုံးချို၏ ထွက်ဆိုချက်များအတိုင်း ထွက်ဆိုသည်။

(၁)တရားပြိုင်ဦးသက်စန်းနိုင် (၂) တရားပြိုင် ဦးဝင်းမော်ကိုယ်စား မိမိအမည်ဖြင့် အာရှမော်တော်ဝပ်(စ်) ယာဉ်ပြင်ဆင်ရေးနှင့် ခရီးသွားပို့ဆောင်ရေးလုပ်ငန်းမှ မော်တော်ယာဉ် အမှတ် 1J-6367 , Hona Fit (အဖြူရောင်) အား စပေါ်ငွေ ၃၀၀,၀၀၀ိ/ (သုံးသိန်း)နှင့် ကားလစာတစ်လလျှင် ၃၃၀,၀၀၀ိ/ (သုံးသိန်းသုံးသောင်း ကျပ်) ဖြင့် (၆)လ ငှားရမ်းခဲ့ပြီး မော်တော်ယာဉ်ငှားရမ်းအပ်နှံခြင်း ကတိစာချုပ် သက်သေခံ(င)အား ချုပ်ဆိုခဲ့ ကြောင်း၊ မော်တော်ယာဉ်ငှားရမ်းသူများလိုက်နာရမည့် စည်းကမ်းချက်များစာရွက် သက်သေခံ(စ)တို့အားချုပ်ဆိုခဲ့ကြောင်း၊ (၂၄.၅.၂၀၁၈) ရက်နေ့တွင် မိမိအမည်ဖြင့်ငှားရမ်းထားသော ကားအားဝင်းမော်မှ အပ်မည်ဟုပြောပြီး အာရှမော်တော်ဝပ်(စ်)လုပ်ငန်းသို့ ကားအားအပ်နှံပေးခဲ့ကြောင်း၊ (၁၀.၉.၂၀၁၈) ရက်နေ့တွင် အကြောင်းကြားစာရရှိကြောင်း ဝင်းမော်အားပြောရာ ၎င်းမှလည်း ရရှိကြောင်းပြောပြီး ၎င်းဖာသာသွားရှင်းမည်ဟုပြောကြောင်း၊ နောက်ပိုင်းတွင် တရားစွဲဆိုခံရခြင်းဖြစ်ကြောင်းထွက်ဆိုသည်။

ကိုဝင်းလှိုင် (ပြိုင်ပြ-၁) က ကိုဝင်းမော်၏ လိုင်စင်သည်အနက်ရောင်ဖြစ်၍ ကားငှား၍ မရသဖြင့် ဦးသက်စန်းနိုင်အား အကူအညီတောင်းသဖြင့် ဦးသက်စန်းနိုင်မှ ကိုယ်စား ကားအား ငှားရမ်းပေးခဲ့ခြင်းဖြစ်ကြောင်းကို သိရကြောင်း ၊ ဦးဝင်းမော်မှာ အဆိုပါ ငှားရမ်းထားသော ကားအား မောင်းနှင်ကြောင်းဖြင့်ထွက်ဆိုသည်။

ကိုဝင်းနိုင်(ပြိုင်ပြ-၂)က ကိုဝင်းမော်၏ လိုင်စင်သည်အနက်ရောင်ဖြစ်၍ ကားငှား၍ မရသဖြင့် ဦးသက်စန်းနိုင်အား အကူအညီတောင်းသဖြင့် ဦးသက်စန်းနိုင်မှ ကိုယ်စား ကားအား ငှားရမ်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ သက်သေခံ(င)နှင့် သက်သေခံ (စ) တို့တွင် မိမိနှင့် ကိုဝင်းမော်တို့မှ အာမခံသူများအနေဖြင့် လက်မှတ်ရေးထိုးပေး ခဲ့ကြောင်းဖြင့် ထွက်ဆိုသည်။

တရားလိုဘက်ထွက်ဆိုချက်များနှင့် တရားပြိုင်ဘက်ထွက်ဆိုတင်ပြချက်များအရ အာရှမော်တော်ဝပ်(စ်) ယာဉ်ပြင်ဆင်ရေးနှင့် ခရီးသွားပို့ဆောင်ရေး လုပ်ငန်းမှ မော်တော်ယာဉ် အမှတ် 1J -6367 , Hona Fit (အဖြူရောင်) အား စပေါ်ငွေ ၃၀၀,၀၀၀ိ/ (သုံးသိန်း)နှင့် ကားလစာတစ်လလျှင် ၃၃၀,၀၀၀ိ/ (သုံးသိန်းသုံးသောင်း ကျပ်) ဖြင့် (၆)လ ငှားရမ်းခဲ့ပြီး မော်တော်ယာဉ်ငှားရမ်းအပ်နှံခြင်း ကတိစာချုပ် သက်သေခံ(င)နှင့် မော်တော်ယာဉ်ငှားရမ်းသူများ လိုက်နာရမည့် စည်းကမ်းချက်များစာရွက် သက်သေခံ(စ)တို့ကို (၁) တရားပြိုင် ဦးသက်စန်းနိုင်က ကားငှားရမ်းသူ နေရာတွင် လည်းကောင်း၊ (၂) တရားပြိုင် ဦးဝင်းမော်နှင့် ဦးဝင်းနိုင်တို့က တာဝန်ယူအာမခံသူများအဖြစ် လည်းကောင်းပြုလုပ်ချုပ်ဆိုခဲ့ကြောင်း တွေ့ရှိရသည်။

၄/၁၀/၂၀၁၉

(ဇင်မာထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၄)
မရမ်းကုန်း နယ်တရားရုံး

အဆိုပါကားအား (၂)တရားပြိုင် ဦးဝင်းမော် ၎င်း၏ လိုင်စင်သည် အနက်ရောင်ဖြစ်နေသည့်အတွက် ကားငှားရမ်း၍ မရသဖြင့် (၁)တရားပြိုင် ဦးသက်စန်းနိုင်ထံ အကူအညီတောင်းသဖြင့် (၁)တရားပြိုင်မှ ယာဉ်ငှားရမ်းသူနေရာတွင် လက်မှတ်ရေးထိုးငှား ရမ်းပေးခဲ့ရကြောင်း မှာလည်း အမှုတွင် စစ်ဆေးပေါ်ပေါက်သည်။

(၁)တရားပြိုင်အမည်ဖြင့်ငှားရမ်းထားသော ကားအား (၂) တရားပြိုင်မှ မောင်းနှင်ကာ ကားလစာငွေများအားလည်း (၂)တရားပြိုင်မှ ပင်မောင်းနှင်နေကြောင်းမှာ လည်းအမှုတွင် ပေါ်ပေါက်သည်။

မော်တော်ယာဉ်ငှားရမ်းအပ်နှံခြင်း ကတိစာချုပ် သက်သေခံ (င)၏ အပိုဒ် (၃)တွင် မော်တော်ယာဉ်အား လွှဲပြောင်းခြင်းပြုလုပ်ခြင်း မရှိစေရန် ယာဉ်ငှားရမ်းသူမှ သဘော တူညီကြောင်းနှင့် မော်တော်ယာဉ်ငှားရမ်းမှုအတွက် သဘောတူလိုက်နာရမည့် စည်းကမ်းချက် များ သက်သေခံ(စ) စာမှတ်စာတမ်းတွင် အပိုဒ် (၁၁) တွင် မော်တော်ယာဉ် အား ပြန်လည်အပ်နှံ တာဝန်ယူမောင်းနှင်ခဲ့စဉ်က မိမိစည်းကမ်းနှင့် အခြားချွတ်ယွင်းချက်များ ရှိခဲ့၍ လုပ်ငန်းဌာနမှ လိုက်လံဆက်သွယ်ရခြင်းအတွက် ကုန်ကျစရိတ်များ ၊ ယင်းအမှုကိစ္စ အတွက် ကုန်ကျ စရိတ်များအား တရားဝင်တောင်းဆိုသည့်အခါ ပေးချေရန် သဘောတူပါကြောင်း ၊ အပိုဒ်(၁၅) တွင် ငှားရမ်းသူသည် မော်တော်ယာဉ်အား စာချုပ်သက်တမ်း အတိုင်း ရက်ပြည့်သုံး စွဲရမည် ဖြစ်ကြောင်း၊ စာချုပ်သက်တမ်းမပြည့်မီ ပြန်လည်အပ်နှံပါက ယင်းကာလ၏ သတ်မှတ် ထားသော မော်တော်ယာဉ် ငှားရမ်းခလစာနှင့် ညီမျှသော ငွေကြေးအား ဒဏ်ကြေး အဖြစ် ပေးသွင်းမည်ဖြစ်ကြောင်း သဘောတူ လက်ခံထားကြောင်း လက်မှတ်ရေးထိုးထားကြသည်ကို တွေ့ရှိရပြီး အဆိုပါကားအား (၁)တရားပြိုင် ဦးသက်စန်းနိုင်အမည်ခံကာ (၂)တရားပြိုင်မှ ငှားရမ်းသွားပြီး ကားလစာငွေများအား လည်းအပြည့်မသွင်းသည့်အတွက် ကားငှားရမ်းခကျန် ငွေ ၇၇၀,၀၀၀/နှင့် (၂) တရားပြိုင်မှ ကားအားလာရောက်အပ်နှံသည့်အခါ လုပ်ငန်းလိုင်စင်နှင့် ဗီးတက်ပါမလာသဖြင့် ပြန်လည်ပြုပြင်ရသောကုန်ကျစရိတ် ၁၉၅,၀၀၀/နှင့် အဆိုပါကာလ အတွင်း မော်တော်ယာဉ် ရပ်နားထားရသည် ( ၂) လနှင့် (၂၁) ရက်အတွက် မော်တော်ယာဉ် လစာငွေ ၈၉၁,၀၀၀/ စုစုပေါင်း ၁,၆၆၁,၀၀၀/ကျပ် ၊ တရားပြိုင်များမှ တရားလိုလုပ်ငန်းသို့ ပေးသွင်းငွေကျပ် ၄၅၀,၀၀၀/ကျပ်အားနုတ်ပါက ကားလစာများပေးသွင်းရန်ငွေ ၁,၂၁၁,၀၀၀/၊ ဂီယာနှင့်ရေတိုင်ကီ အောက်ဖုံးလဲ လဲရသည့် ကုန်ကျစရိတ် ၅၅,၀၀၀/ကျပ်၊ စုစုပေါင်း ငွေကျပ် ၁,၄၆၁,၀၀၀/ကျပ် တို့အား ကားငှားရမ်းသူများမှ ပေးသွင်းရန် တာဝန်ရှိကြောင်း တွေ့ရှိရသည်။

အထက်ပါအကြောင်းများကြောင့် မော်တော်ကားငှားရမ်းသူ (၁)တရားပြိုင်ဦးသက်စန်းနိုင် နှင့် (၂)တရားပြိုင် ဦးဝင်းမော်တို့ထံမှ မော်တော်ယာဉ် ငှားရမ်းခ ကြွေးကျန်ငွေကျပ် ၁,၂၁၁,၀၀၀/ (တစ်ဆယ့်နှစ်သိန်း တစ်သောင်း တစ်ထောင်ကျပ်) ၊ ကားပြင်ဆင်စရိတ် ၅၅,၀၀၀/ကျပ် (ငါးသောင်းငါးထောင်ကျပ်) နှင့် ဗီးတက်နှင့် လုပ်ငန်းလိုင်စင် ဆောင်ရွက်ခ ၁၉၅,၀၀၀/

၄/၁၀/၁၉

(ဇင်မာထွန်း)

တိုင်းဒေသကြီးတရားသူကြီး (၄)

မရမ်းကုန်း နယ်တရားရုံး

(တစ်သိန်းကိုးသောင်း ငါးထောင်ကျပ်) စုစုပေါင်းငွေကျပ် ၁,၄၆၁,၀၀၀/- (တစ်ဆယ့်လေးသိန်း ခြောက်သောင်း တစ်ထောင်)အားရထိုက်ခွင့် ရှိသည်မှာ မှန်ကြောင်းဖြေဆိုလိုက်သည်။

ငြင်းချက်(၂)

အထက်ငြင်းချက် (၁) ဖြေကြားချက်အရ တရားလိုသည် တရားပြိုင်များထံ မှ ငွေကျပ် ၁,၄၆၁,၀၀၀/- (တစ်ဆယ့်လေးသိန်း ခြောက်သောင်း တစ်ထောင်)အားရထိုက်ခွင့် ရှိသည်မှာ မှန်ကြောင်းဖြေဆိုလိုက်သည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး ၊ မြောက်ဥက္ကလာပမြို့နယ် အမှတ် (၈)ရပ်ကွက် နီလာ (၁) လမ်း၊ အမှတ် (၃၈၂) နေ (၁) တရားပြိုင် ဦးသက်စန်းနိုင်နှင့် ၊ မြောက်ဥက္ကလာပမြို့နယ် ၊ ပုရွက်ဆိတ်ကုန်း၊ ရွာဦးလမ်း ၊ အမှတ် (၅၈) နေ(၂)တရားပြိုင် ဦးဝင်းမော် တို့သည် တရားလို ဦးမြင့်စိုး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးပြုံးချို)ထံသို့ မော်တော်ယာဉ်ငှားရမ်းခကြွေးကျန်ငွေကျပ် ၁,၂၁၁,၀၀၀/- (တစ်ဆယ့်နှစ်သိန်း တစ်သောင်း တစ်ထောင်ကျပ်) ၊ ကားပြင်ဆင်စရိတ် ၅၅,၀၀၀/-ကျပ် (ငါးသောင်းငါးထောင်ကျပ်) နှင့် ဝိုးတက်နှင့် လုပ်ငန်းလိုင်စင် ဆောင်ရွက်ခ ၁၉၅,၀၀၀/- (တစ်သိန်းကိုးသောင်း ငါးထောင်ကျပ်) စုစုပေါင်းငွေကျပ် ၁,၄၆၁,၀၀၀/- (တစ်ဆယ့်လေးသိန်း ခြောက်သောင်း တစ်ထောင်)အားစရိတ်နှင့် တကွပေးဆပ် စေရန် အမိန့်ချမှတ်လိုက်သည်။

ရှေ့နေစရိတ် ၁၀၀၀၀/- ကျပ် သတ်မှတ်သည်။

၄/၁၀/၂၀၁၉

(ဇင်မာထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၄)
မရမ်းကုန်းမြို့နယ်တရားရုံး